ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

https://moe.nugmyanmar.org

ကြေညာချက်အမှတ် (၃/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၂၀၂၃ ခုနှစ်၊ အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်း (BECA) ပထမအကြိမ် စတင်ဖြေဆိုမည့်ရက် ထုတ်ပြန်ကြေညာခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအထိ ပထမအကြိမ်နှင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအထိ ဒုတိယအကြိမ် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ဖြစ်သည်နှင့်အညီ

၁။ အွန်လိုင်း (Online) ဖြင့် ဖြေဆိုရန် လျှောက်ထားခဲ့ကြသည့် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့မှ စတင် ဖြေဆိုနိုင်ပြီဖြစ်ကြောင်းနှင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့တွင် ပထမအကြိမ်ဖြေဆိုခြင်း ပြီးစီးမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၂။ မြေပြင် (On-ground) တွင် ဖြေဆိုရန် လျှောက်ထားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ သည် မိမိတို့ သက်ဆိုင်ရာ မြို့နယ်၊ စာဖြေဌာနများ၏ သတ်မှတ်ရက်တွင် စတင်ဖြေဆိုနိုင်ပြီ ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါက်တာဇော်ဝေစိုး

ပြည်ထောင်စုဝန်ကြီး

ပညာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ